မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

January 13 , 2025 Volume 86 , Number 9


၁၃ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၄၆.၁၀ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၉.၃၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၀.၇၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၁.၄၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၅.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၉ ကျပ် |

# တရုတ်သို့ GACC စနစ်ဖြင့် နာနတ်သီး တင်ပို့လိုသူများ EOI လျှောက်ထားနိုင်



မြန်မာနိုင်ငံမှလတ်ဆတ်သောနာနတ်သီးများကိုတရုတ်နိုင်ငံသို့ GACC စနစ်ဖြင့် တင်ပို့နိုင်ကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ ( General Administration of Customs of China –GACC) ကအသိပေးပြီးနောက်ပိုင်းတင်ပို့လိုသူများအနေဖြင့် EOIလျှောက်ထားနိုင်ကြောင်းစိုက်ပျိုးရေးဦးစီးဌာနကအသိပေးထားသည်။

လျှောက်ထားလိုသည့်ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ EOI ကို ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးရုံးတွင် လျှောက်လွှာရယူပြီး တင်ပြလျှောက်ထားနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏နာနတ်သီး အဓိကစိုက်ပျိုးသည့်ဒေသသည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်းဒေသများတွင်တည်ရှိပြီး နာနတ်သီးများကို ပုံမှန်အားဖြင့် ဇွန်လမှ စက်တင်ဘာလအတွင်းခူးဆွတ်လေ့ရှိကြောင်း၊ယခင်က မြန်မာနိုင်ငံမှနာနတ်သီးအများစုကို တရားဝင်နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုအစီအစဉ်ဖြင့်တရုတ်နိုင်ငံသို့တင်ပို့ခဲ့ကြောင်း သိရသည်။

သို့သော်လည်း တရုတ်နိုင်ငံသည် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၆ ရက်တွင် အဆိုပါလမ်းကြောင်းကို တရားဝင်ရပ်ဆိုင်းခဲ့ရာ မြန်မာ့နာနတ်သီးလုပ်ငန်းများအတွက် သိသိသာသာဆုံးရှုံးမှုဖြစ်စေခဲ့ကြောင်း၊မြန်မာ့ပို့ကုန်လုပ်ငန်းရှင်များသည် ထိုင်း၊ စင်္ကာပူနှင့် အခြားနိုင်ငံများတွင် အစားထိုးဈေးကွက်များရှာဖွေခဲ့သော်လည်း တင်ပို့မှုပမာဏမှာ နည်းပါးနေသေးကြောင်း သိရသည်။

ယခုအခါနှစ်ပေါင်းများစွာ ညှိနှိုင်းဆွေးနွေးပြီးနောက် မြန်မာနိုင်ငံမှ နာနတ်သီးများကို ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့တင်ပို့ရန် နောက်ဆုံးတွင် ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

GACC ၏ကြေညာချက်အရ မြန်မာနိုင်ငံစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် တရုတ်နိုင်ငံသို့ တင်ပို့လိုသော နာနတ်သီးစိုက်ခင်းများနှင့်ထုပ်ပိုးသည့်စက်ရုံများကိုမှတ်ပုံတင်ရန်လိုအပ်ကြောင်း၊ အဆိုပါစိုက်ခင်းများနှင့်လုပ်ငန်းများကို GACC မှအတည်ပြုသွားမည်ဖြစ်ပြီး၎င်း၏ဝက်ဘ်ဆိုဒ်တွင်အတည်ပြုထားသောစာရင်းကိုထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် စိုက်ပျိုးသူများအနေဖြင့်ပြည့်စုံသောအရည်အသွေးစီမံခန့်ခွဲမှုနှင့်ခြေရာခံနိုင်မှုစနစ်များထူထောင်ရန်နှင့် ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အကျင့်များနှင့်ပိုးမွှားစီမံခန့်ခွဲမှုနည်းစနစ်များကိုအကောင်အထည်ဖော်ရန်လိုအပ်ကြောင်း၊ အသီးများနှင့်အရွက်များတွင် အင်းဆက်ပိုးမွှားများ၊ ခရုများ၊ မြက်မျိုးစေ့များ၊အပင်အကြွင်းအကျန်များနှင့်မြေကြီးကဲ့သို့ အမှိုက်များကင်းစင်စေရန်အတွက်ထုပ်ပိုးမှုလုပ်ငန်းစဉ်အတွင်းလက်ဖြင့်စီခြင်း၊စစ်ဆေးခြင်း၊ရေဖြင့်ပွတ်တိုက်ဆေးကြောခြင်း (သို့မဟုတ်) ဖိအားမြင့်ရေပိုက်ဖြင့်ဆေးကြောသန့်စင်ခြင်းကဲ့သို့ သော လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**Source : Popular News Journal**

## ကန်စွန်းဥများဈေးကောင်းရသောကြောင့် တစ်ဧက ငွေကျပ် သိန်း ၄၀ ခန့် အကျိုးအမြတ်ရနေ



ရေဝတီမြစ်အတွင်းရှိ ကျွန်းစိုက်ခင်းများတွင် စိုက်ပျိုးသည့်ကန်စွန်းဥများဈေးကောင်းရရှိလာရာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ထိပေါက်ဈေးရှိနေကြောင်း ကန်စွန်းစိုက်တောင်သူများထံက သိရသည်။

အဆိုပါကျွန်းစိုက်ခင်းများတွင် မြေပဲကို အများဆုံးစိုက်ပျိုးကြကာ ပဲထောပတ်၊ ချဉ်ပေါင်တို့ကို အဓိကထားစိုက်ပျိုးကြခြင်းဖြစ်ပြီး ကန်စွန်းဥကိုအပိုဝင်ငွေရရှိအောင် ကျွန်းစိုက်ခင်းများတွင် စိုက်ပျိုးကြခြင်းဖြစ်သည်။

ယခုနှစ်ကန်စွန်းဥပေါ်ကာစရာသီတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း နယ်စုံမှကန်စွန်းဥအဝင်နည်းခြင်း၊ ကန်စွန်းဥအထွက်နှုန်းကျဆင်းခြင်းကြောင်း ဇန်နဝါရီလဆန်းပိုင်းတွင်တစ်ပိဿာလျှင်ငွေကျပ် ၂၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ ရေဝတီမြစ်အတွင်းရှိကျွန်းစိုက်ခင်းများတွင်စိုက်ပျိုးသည့် မြေပဲ၊ ချဉ်ပေါင်၊ ပဲထောပတ်စသည့် စားဖိုဆောင်သီးနှံများကိုစိုက်ပျိုးကြရာယခုနှစ်ကန်စွန်းဥကဈေးအကောင်းဆုံးရရှိသည့်သီးနှံဖြစ်လာကြောင်းပုသိမ်ကြီးမြို့နယ် ၊ သံဘိုကျွန်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

“ ဒီနှစ် ကန်စွန်းဥဈေးကတစ်ပိဿာ ၂၅၀၀ ထိ ဈေးကောင်းရနေပါတယ်။မနှစ်ကကန်စွန်းဥတစ်ပိဿာ ၅၀၀ သာပေါက်ဈေးရှိခဲ့တာပါ။ နယ်စုံကကန်စွန်းဥစိုက်ပျိုးတာနည်းတာရယ်အထွက်နှုန်းနည်းတာနဲ့ဆိုတော့ ဒီနှစ်ဈေးကွက်ဈေးကောင်းရလာတာပါ။ကန်စွန်းဥပေါ်ကာစ တစ်ပိဿာ ငွေကျပ် ၁၉၀၀ ကနေ အခုရက်ပိုင်းဈေးမြင့်တက်လာပါတယ်။လက်ရှိ ကန်စွန်းဥဈေးကောင်းတာကတော့ ကျွန်းပေါ်စိုက်တဲ့အခြားသီးနှံတွေလိုက်မမီတော့အောင်ဈေးကောင်းရပါတယ်။ကန်စွန်းတစ်ဧကကို ငွေကျပ်သိန်း ၄၀ ခန့် အကျိုးအမြတ်ရပါတယ်” ဟု ၎င်းကပြောသည်။

ကန်စွန်းဥစိုက်ပျိုးခြင်းကို စက်တင်ဘာလလယ်ခန့်က ရေဝတီမြစ်ရေကျဆင်းပြီးနောက် မြေပြုပြင်၍စိုက်ပျိုးခြင်းဖြစ်ကာ သုံးလခန့်အကြာတွင် ကန်စွန်းဥကိုတူးဖော်ပြီး မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်သည်။

ကန်စွန်းဥကိုတစ်ဧကမြေနေရာတွင် အကန့်လေးကန့်ခွဲကာစိုက်ပျိုးခြင်းဖြစ်ပြီးတစ်ဧကစိုက်ပျိုးစရိတ်ငွေကျပ် ၁၆ သိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင်ကန်စွန်းဥကုန်ချိန်ပိဿာ၂၈၀၀ခန့်ထွက်ရှိသောကြောင့်တစ်ဧကဝင်ငွေ ၅၆ သိန်းခန့်ရရှိကာ အကျိုးအမြတ်အနေဖြင့် သုံးလခန့်အတွင်း ငွေကျပ် သိန်း ၄၀ ခန့် တောင်သူအတွက်အကျိုးအမြတ်ရအဆင်ပြေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ပင်လယ်ငါးသလောက်များ ရန်ကုန်ဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ပြည်ပဈေးကွက်အထိတင်ပို့လျက်ရှိ



မြန်မာ့ပင်လယ်ပြင်မှပင်လယ်ငါးသလောက်များ ရန်ကုန်ဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်လျက်ရှိသည့်အတွက် ပြည်တွင်း၌ဈေးနှုန်းသက်သာစွာ စားသုံးနိုင်သည့်အပြင် ပြည်ပဈေးကွက်အထိ တင်ပို့လျက်ရှိကြောင်း ရန်ကုန်မြို့ကြည့်မြင်တိုင်စံပြငါးဈေးကသိရသည်။

" ဒီနှစ်ဆန်းပိုင်းမှာ ငါးသလောက်အဆက်မပြတ် ဝင်ရောက်နေတဲ့အတွက် ပြည်သူတွေစားသုံးမှုသာမက ပြည်ပကိုလည်း တင်ပို့နိုင်တာကြောင့် လုပ်ငန်းရှင်တွေလည်း အဆင်ပြေတယ်လို့ ပြောရမှာပါ ။ မနှစ်က ငါးသလောက် ၁၀-၂၀ ကျပ်သားဆိုဒ်ဆိုရင် ငွေကျပ် ၈၀၀၀ ရှိတယ်။ ဒီနှစ်မှာ ငါးအဝင်များတဲ့အတွက် ငွေကျပ် ၅၀၀၀ ပဲရှိပါတယ်"ဟု စံပြငါးဈေးမှ ရေထွက်ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထိုသို့ဈေးကွက်အတွင်းရောက်ရှိလာသော ရောင်းတန်းဝင်ငါးသလောက်ဆိုဒ်ကြီးများကို တရုတ်၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကို အအေးခန်းစက်ရုံများမှတစ်ဆင့်တင်ပို့လျက်ရှိကြောင်း ကြည့်မြင်တိုင်စံပြငါးဈေးက သိရသည်။

ပြည်ပဈေးကွက်ရောင်းတန်းဝင်ပင်လယ်ငါးသလောက် ၃၀ကျပ်သား မှ၅၀ကျပ်သားဆိုဒ်တစ်ပိဿာလျှင် ငွေကျပ် ၂၀, ၀၀၀ ၅၀ ကျပ်သားမှ ၈၀ ကျပ်သားဆိုဒ်တစ်ပိဿာလျှင် ငွေကျပ် ၃၀,၀၀၀ ၊ ၈၀ ကျပ်သားမှတစ်ပိဿာဆိုဒ် ငွေကျပ် ၃၈,၀၀၀၊ တစ်ပိဿာမှတစ်ပိဿာလေးဆယ်ကျပ်သားဆိုဒ် ငွေကျပ် ၅၀,၀၀၀ ကျော်နှုန်းဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပြည်တွင်းစားသုံးမှုများသည့် ပင်လယ်ငါးသလောက် ၁၀ ကျပ်သားမှ ၂၀ ကျပ်သားဆိုဒ်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀၊၂၀ ကျပ်သားမှ ၃၀ ကျပ်သားဆိုဒ်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်း ရှိကြောင်း သိရသည်။

**Source : ကြေးမုံသတင်းစာ**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၆-၁-၂၀၂၅ မှ ၁၀-၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၁၆၀,၀၀၀၊ မတ်ပဲ SQ/ RC (2024 Crop) ကျပ် ၃,၆၀၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃,၀၅၂,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၃၅,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop)ကျပ် ၄၅,၀၀၀၊ပဲစင်းငုံ Red/ RC (2024 Crop ) ကျပ် ၂၃,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၇၀ လုံး(တန်ချိန် ၁၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် ပဲစင်းငုံRed/ RC(2024 Crop)ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ရှောက်သီး (တစ်ပိဿာ)ဈေးနှုန်းများမှာပန်းရဲရှောက်(သစ်) AC ကျပ် ၇၀၀၀၊ မြားနီ

ကျပ် ၆၅၀၀ ၊ပန်းတနော်ရှည်ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်းပန်းရဲငရုတ်(သစ်) AC ကျပ် ၁၀၀၀ ဈေးကျဆင်းခဲ့ပြီး ဆင်ဖြူကျွန်း(ပု) ကျပ် ၅၀၀၀ ဈေးမြင့်တက်ခဲ့သည်။

ကျန်ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၅၀၀ (၃၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၂၉၀၀ (၅၈,၀၀၀ ပိဿာ)နှင့် ငရုတ်ပုအိတ်ပေါင်း ၁၉၀ (၂၈၅၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၁၄၀၀ (၂၈,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ်ပေါင်း ၁၄၀ (၂၁၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ် ၃၅၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၁၃,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်းဈေးများငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့်သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၇၂၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၃၀၀၊ ပခုက္ကူကြမ်း ကျပ် ၇၂၀၀၊ ရေစကြိုထန်းလျက်(ချော) ကျပ် ၈၅၀၀၊ ကြံသကာကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၆-၁-၂၀၂၅ မှ ၁၀-၁-၂၀၂၅ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ(တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၃၆၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၅၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၈၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၉၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၄၀၀၀၊ မြင်းခြံလတ်ကြီးကျပ် ၃၈၀၀၊ မြင်းခြံလတ်သန့်ကျပ် ၃၃၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၁၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၅၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၂၀၀ နှင့် မြင်းခြံလတ်သန့် ကျပ် ၂၀၀ အသီးသီးဈေးမြင့် တက်ခဲ့သည်။

ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်ကကားစီးရေ ၈၂ စီး (၄၉၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၄၀ စီး (၈၄၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက် ကားစီးရေ ၅၈ စီး (၃၄၈,၀၀၀ ပိဿာ)ပိုမို ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၁၈,၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၁,၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၂,၅၀၀၊ အောင်

ပန်းထူး-၄ ကျပ် ၁၃,၇၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၄,၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၁၄၅၀ (၄၃,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်ကြက်သွန်ဖြူအိတ် ၂၁၅၀ (၆၄,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့်ယခင်အပတ်ထက်ကြက်သွန်ဖြူအိတ် ၇၀၀(၂၁,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရ သည်။

**အာလူး**


ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး(တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၆၈၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၃၀၀ ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၂၀ စီး (၁၂၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခု အပတ်တွင် ကားစီးရေ ၁၇ စီး (၁၀၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃ စီး (၁၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ၂၀၂၄ ခုနှစ် ပထမ ကိုးလပတ်အတွင်း ထိုင်းကွန်ဒိုများ ဝယ်ယူမှု မြန်မာနိုင်ငံသားများ ဒုတိယနေရာတွင်ရှိနေဟု ဗန်ကောက်ပို့စ်ဖော်ပြ



၂၀၂၄ ခုနှစ် ပထမ ကိုးလပတ်အတွင်း ထိုင်းကွန်ဒိုများ ဝယ်ယူမှု မြန်မာနိုင်ငံသားများဒုတိယနေရာတွင်ရှိနေဟု ဗန်ကောက်ပို့စ်တွင် သတင်းဖော်ပြထားသည်။

ထိုင်းအိမ်ခြံမြေလုပ်ငန်း Cushan& Wakefield Thailand မှ သုတေသနနှင့်အကြံပေးအရာရှိ Surachet Kongcheep က ဧပြီလပိုင်းတွင် မြန်မာဝယ်လက်များ ခေတ္တ ရပ်နားခဲ့ပြီး ယင်းနောက်ပိုင်းတွင် မြန်မာဝယ်လက်များက ပြန်လည်ဝယ်ယူခဲ့သည်ဟု ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံမှကွန်ဒိုတိုက်ခန်းများကို မြန်မာနိုင်ငံမှ ဝယ်ယူသူများထံလွှဲပြောင်းမှုသည် ၂၀၂၄ ခုနှစ်တွင် စံချိန်သစ်တင်နိုင်မည်ဖြစ်ပြီးပထမကိုးလတာကာလအတွင်း စုစုပေါင်းဝယ်ယူမှုသည် ၂၀၂၃ ခုနှစ်တွင် သတ်မှတ်စံချိန်ကို ကျော်လွန်သွားခဲ့ပြီဖြစ်သည်ဟု ဗန်ကောက်ပို့စ်က ဖော်ပြသည်။

REIC ၏ အဆိုအရ မြန်မာဝယ်လက်များကဝယ်ယူမှုမှာ ၂၀၂၄ ခုနှစ် ကိုးလတာကာလအတွင်း ထိုင်းဘတ်ငွေ ၅ ဒသမ ၄၆ ဘီလျံတန်ဖိုးရှိ ကွန်ဒိုအလုံးရေ ၁၀၅၀ ရှိပြီး ၂၀၂၃ ခုနှစ်တွင် ဘတ်ငွေ ၃ ဒသမ ၇ ဘီလျံတန်ဖိုးရှိ ကွန်ဒိုအလုံးရေ ၅၆၄ လုံး၊ ၂၀၂၂ ခုနှစ်တွင် ဘတ်ငွေ ၂ ဒသမ ၅၅ ဘီလျံတန်ဖိုးရှိ ကွန်ဒို ၃၄၉ လုံး ရောင်းချနိုင်ခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်ပထမကိုးလပတ်အတွင်းထိပ်တန်းဝယ်လက်အဖြစ်ဦးဆောင်နေသူမှာတရုတ်နိုင်ငံသားများဖြစ်ပြီး ကွန်ဒိုအလုံးရေ ၄၃၈၆၊ မြန်မာနိုင်ငံသားများမှာဒုတိယနေရာတွင် ကွန်ဒိုအလုံးရေ ၁၀၅၀၊ ရုရှားနိုင်ငံသားများမှာ ကွန်ဒိုအလုံးရေ ၈၀၀၊ ထိုင်ဝမ်မှာကွန်ဒိုအလုံးရေ ၆၁၂၊ အမေရိကန်နိုင်ငံသားများမှာကွန်ဒိုအလုံးရေ ၄၃၆ ဖြင့် အသီးသီးရပ်တည်လျက်ရှိကြောင်း ဗန်ကောက်ပို့စ်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသားများဝယ်ယူမှုမှာ ယခင်ကထိပ်ဆုံးဝယ်ယူမှုစာရင်းတွင်မပါဝင်ခဲ့သော်လည်း၂၀၂၂ ခုနှစ်မှ စတင်ကာထိပ်ဆုံး ၁၀ နိုင်ငံစာရင်းတွင် နံပါတ် ၆ နေရာသို့ ရောက်ရှိလာခဲ့သည်။

မြန်မာနိုင်ငံမှချမ်းသာသူများသည် ဗန်ကောက်မြို့၏အဓိကနေရာများတွင်ရှိသောဈေးကြီးသည့်ကွန်ဒိုများကိုဝယ်ယူခဲ့ကြပြီး ယင်းကွန်ဒိုများသည် ဈေးနှုန်းဘတ် ၁၀ သန်းမှ သန်း ၂၀ အတွင်းရှိသည်ဟုဆိုသည်ဟု ၂၀၂၄ ခုနှစ် မေလပိုင်းက ထိုင်းအိမ်ခြံမြေ ဈေးကွက်ဆိုင်ရာဌာန REIC ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆူခမ်ဗစ်၊ ခရွမ်ဖုန်းအဆိုကေးအစရှိသည့် အကောင်းစားကွန်ဒိုများရှိရာနေရာများသည်ရေပန်းစားလျက်ရှိပြီး ထိုနေရာများ သည် ဆေးရုံများ၊ နိုင်ငံတကာကျောင်း များ၊ အဆင့်မြင့်ဈေးဝယ်စင်တာကြီးများနှင့် နီးကပ်သည်။

မြန်မာနိုင်ငံမှအလယ်အလတ်သုံးစွဲသူများသည် ဗန်ကောက်မြို့၏ Aree နှင့် ဖရာထိုင်းဇုန်များရှိ ဈေးနှုန်းဘတ်ငါးသန်းမှ ၁၀ သန်းအတွင်းရှိသော ကွန်ဒိုများကိုမျက်စိကျကြသည်ဟု ၂၀၂၄ ခုနှစ် မေလပိုင်းက ထုတ်ပြန်ခဲ့သည့် RIEC ၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

ထိုင်းနိုင်ငံရှိကွန်ဒိုတိုက်ခန်းများကို မြန်မာနိုင်ငံတွင် အရောင်းပြပွဲပြုလုပ်ရောင်းချခဲ့သူတစ်ဦးနှင့်ဝယ်ယူခဲ့သူသုံးဦး အားဖမ်းဆီးခဲ့ပြီး အွန်လိုင်းမှတစ်ဆင့်ပြည်ပနိုင်ငံများရှိကွန်ဒိုများရောင်းချသူနှင့်ဝယ်ယူသူများကိုအရေးယူမည်ဟု နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က ပြီးခဲ့သည့်နှစ် ဇွန်လဆန်းပိုင်းက ထုတ်ပြန်ခဲ့သည်။

ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများအား အွန်လိုင်းမှတစ်ဆင့် တရားမဝင်ရောင်းချနေသည့် အခြားကုမ္ပဏီများနှင့် ဝယ်ယူ သူများအား ဆက်လက်စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်မည်ဖြစ်သဖြင့် ပြည်သူများအနေဖြင့်ထိုသို့ တရားမဝင်ပြည်ပနိုင်ငံရှိ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်နေသူများအား သိရှိပါကသက်ဆိုင်ရာသို့ သတင်းပေးပို့ရန်အသိပေးကြောင်း နိုင်ငံတော်စီမံအုပ် ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

**Source** : https://news-eleven.com/article/299167

## ရုရှားနိုင်ငံတွင် ခရီးသည်တင်မော်တော်ယာဉ်ရောင်းချရမှု ၄၈ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်



ရုရှားနိုင်ငံတွင် ခရီးသည်တင်မော်တော်ယာဉ် ရောင်းချ ရမှုသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် အစီးရေ ၁ ဒသမ ၅၇၁ အထိရောက်ရှိလာခြင်းကြောင့် ၄၈ ဒသမ ၄ ရာခိုင်နှုန်းမြင့် တက်ခဲ့ကြောင်း **TASS** သတင်းအေဂျင်စီက ထုတ်ပြန်သည်။

ရောင်းချခဲ့ရသည့် မော်တော်ယာဉ်များအနက် ရုရှား ပြည်တွင်းဖြစ် ကားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Lada မှ ထုတ်လုပ်သည့်မော်တော်ကားအရေအတွက်သည် ၂၀၂၄ ခု နှစ်တွင် ၄၃၆,၁၅၅ စီးရောင်းချခဲ့ရာ ယခင်ကထက် ၃၄ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာသည်။

အဆိုပါကုမ္ပဏီ၏ ဈေးကွက်ထိန်းချုပ်မှုနှုန်းမှာလည်း ၂၈ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။

ရုရှားနိုင်ငံတွင်း ရောင်းချခဲ့ရသည့် ပြည်ပထုတ်မော်တော်ယာဉ်များအနက် တရုတ်နိုင်ငံ၏ Haval အမျိုးအစားသည် အထင် ရှားဆုံးဖြစ်သည်။

အဆိုပါကားကုမ္ပဏီသည်ပြီးခဲ့သည့်နှစ်တစ်နှစ်တည်းမှာပင် မော်တော်ယာဉ်အစီးပေါင်းနှစ်သိန်းနီးပါးရောင်းချနိုင်ခဲ့ပြီးရောင်း အားမှာ ယခင်ကထက် ၇၀ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာသည်။

ထို့ပြင် အခြားတရုတ်ကားကုမ္ပဏီများဖြစ်သည့် Chery ၊ Geely နှင့် Changan တို့မှာလည်း ရောင်းရအကောင်းဆုံးကုမ္ပဏီ ၁၀ ခုတွင် ပါဝင်လျက်ရှိသည်။

လက်ရှိတွင် **Lada** မှထုတ်လုပ်သည့်မော်တော်ကားများသည် ရောင်းအားအကောင်းဆုံးအဖြစ် ရပ်တည်လျက်ရှိသည်။

**Source : မြဝတီသတင်းစာ**

## ၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်၏ ဂျီဒီပီတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းအထိ ရောက်ရှိလာနိုင်



ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီတိုးတက်မှုနှုန်းသည် ယခု ၂၀၂၅ ခုနှစ်တွင် ၇ ရာခိုင်နှုန်းအထိ ရောက်ရှိလာနိုင်ကြောင်း စင်ကာပူအခြေစိုက် United Overseas ဘဏ်ကခန့်မှန်းထားကြောင်း ဒေသတွင်းသတင်းမီဒီယာများက ဖော်ပြ သည်။

ဗီယက်နမ်နိုင်ငံ၏စီးပွားရေးတိုးတက်မှုသည်၂၀၂၄ ခုနှစ်တွင် စတင်အရှိန်အဟုန်မြင့်တက်လာပြီး ယခု ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်တွင် နိုင်ငံ၏ထုတ်လုပ်မှု၊ပြည်သူများ၏ သုံးစွဲမှု၊ နိုင်ငံအတွင်းသို့ ခရီးသွားဧည့်သည်များ ဝင်ရောက်လာမှုတို့ကြောင့် နိုင်ငံ့ဂျီဒီပီသည် မြင့်တက်လာနိုင်ခြင်းဖြစ်ကြောင်း United Overseas ဘဏ်ကခန့်မှန်းထားခြင်းဖြစ်သည်။

ထို့ပြင် ၂၀၂၅ ခုနှစ်ဒုတိယနှစ်ဝက်တွင် ဗီယက်နမ်၏ပို့ကုန်အပေါ် အမေရိကန်သဟဲပြုမှုမြင့်တက်လာခြင်းကြောင့် မသေချာမှု၊ မရေရာမှုများနှင့် ရင်ဆိုင်ရနိုင်ကြောင်း သိရသည်။

ထို့ပြင် ဗီယက်နမ်၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၂၄ ခုနှစ်ကာလအများစုအတွင်းဖြစ်ပွားခဲ့သည့် ၄ ဒသမ ၅ ရာခိုင်နှုန်းအောက်တွင်သာရှိသောကြောင့် ဗီယက်နမ်ဗဟိုဘဏ်အနေဖြင့် ငွေကြေးဆိုင်ရာမူဝါဒများကို ဖြေလျှော့ပေးနိုင်မည့်အလားအလာရှိသည်။

ဗီယက်နမ်နိုင်ငံသည် ဝန်ဆောင်မှုကဏ္ဍနှင့်စက်မှုထုတ်ကုန်များထုတ်လုပ်ရေးကဏ္ဍများကြောင့် နိုင်ငံ့ဂျီဒီပီမှာ တိုးတက်လာခြင်းဖြစ်သည်။

**Source: မြဝတီသတင်းစာ**

TIR

## SMEs များ၏ ဆန်တင်ပို့ခွင့်လျှောက်ထားမှုအား မိနစ် ၃၀ အတွင်း လိုင်စင်ထုတ်ပေးနိုင်ရန် ထိုင်းအစိုးရစီစဉ်

ထိုင်းနိုင်ငံတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိနိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနသည် ဆန်တင်ပို့လိုသည့် လုပ်ငန်းရှင်များ၏ တင်ပို့ခွင့်လျှောက်ထားမှုအား စိစစ်ခွင့်ပြုရာ၌ ယခင်က ၃ ရက်ခန့်ကြာသည်အထိ အချိန်ယူစောင့်ဆိုင်းရသည့် အခြေအနေမှ ယခုအခါ မိနစ် ၃၀ သာ အချိန်ပေးရမည့်လုပ်ငန်းစဉ်အဖြစ်သို့ အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့လုပ်ဆောင်မှုသည် လယ်သမားများနှင့်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ SMEs အဆင့်ရှိသော ဆန်ကုန်သည်များအား ၎င်းတို့၏ဆန်များကိုကမ္ဘာအနှံ့လွတ်လပ်စွာတင်ပို့နိုင်စေရေးတွန်းအားပေးရန်ချမှတ်ထားသည့် အစိုးရ၏ မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စာရွက်စာတမ်း အထောက်အထားများ စိစစ်သည့်လုပ်ငန်းစဉ်ကို အီလက်ထရွန်းနစ်စကြီံတစ်ခုအဖြစ်သို့ ပြောင်းလဲခြင်းက ဌာနအနေဖြင့် ဆန်တင်ပို့ခွင့်လျှောက်ထားမှုအတွက် စောင့်ဆိုင်းချိန်ကို ၃ ရက်ခန့်ကြာမြင့်မှုမှ မိနစ် ၃၀ အတွင်းသို့ လျှော့ချနိုင်ခဲ့ကြောင်း၊ ဆန်တင်ပို့လိုသူများအတွက် ပြည်တွင်း၌ မဖြစ်မနေသိုလှောင်ထားရှိရမည့် ဆန်ပမာဏ သတ်မှတ်ချက်အားလျှော့ချခြင်းနှင့် ပို့ကုန်ပါမစ်လျှောက်ထားမှုအခကြေးငွေများအားလျှော့ချခြင်းတို့အပါအဝင် ဆန်တင်ပို့မှုမြှင့်တင်ရေးအစီအမံများကို ဝန်ကြီးဌာနကချမှတ်ဆောင်ရွက်မှုသည်လုပ်ငန်းငယ်များအားဆွဲဆောင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ဆန်တင်ပို့ခြင်းကို ပထမဦးဆုံးအကြိမ်အဖြစ်စတင်လုပ်ကိုင်မည့်လုပ်ငန်းရှင်များအနေဖြင့် အဆင်ပြေ

ချောမွေ့စွာ တင်ပို့နိုင်စေရေးအတွက်ဥရောပသမဂ္ဂနှင့်ဖြတ်ိနိမှခွဲဝေချထားပေးသောဆန်ခွဲတမ်းများအား မည်ကဲ့သို့လျှော့ကျထား ရမည်ကို ဦးစီးဌာနကအသိပညာပေးဆောင်ရွက်လျက်ရှိကြောင်းဖြင့် နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Arada Fuangtong က ဇန်နဝါရီ ၃ ရက်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါဦးစီးဌာနသည် ထိုင်းဆန်စပါးညီလာခံ Thailand Rice Convention ကို ယခုနှစ်အတွင်းကျင်းပနိုင်ရန် စီစဉ်လျက် ရှိပြီး ကမ္ဘာတစ်ဝှန်းမှ ဆန်လုပ်ငန်းကျွမ်းကျင်သူများနှင့်ကုန်သည်များကိုဖိတ်ခေါ်လျက် ထိုင်းနိုင်ငံမှလုပ်ငန်းရှင်များနှင့်စီးပွားရေး ဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါ လုပ်ဆောင်ချက်များသည် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ဆန်တင်ပို့မှုကို တန်ချိန် ၇ ဒသမ ၅ သန်း ခန့်အထိ မြှင့်တင် ရာ၌ အထောက်အကူပြုနိုင်မည်ဟု နိုင်ငံခြားကုန်သွယ်မှုဦးစီး ဌာနက မျှော်လင့်ထားကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၁၁ လအတွင်း ထိုင်းနိုင်ငံသည် ဘတ် ၂၀၈ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိ ဆန်တန်ချိန် ၉ ဒသမ ၁၉ သန်း တင်ပို့နိုင်ခဲ့ပြီး အဓိကဈေးကွက်များမှာ တောင်အာဖရိက၊ ဥရောပ၊ အမေရိကန်၊ ကနေဒါနှင့် ဖိလစ်ပိုင်တို့ ဖြစ်ကြောင်း သိရသည်။

**Source:TheNation,3Jan2025**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## ဗီယက်နမ်မှ ဝယ်လိုအားကျဆင်းမှုကြောင့် ကမ္ဘောဒီးယား စပါးစိုက်တောင်သူများ အခက်တွေ့



ကမ္ဘောဒီးယားနိုင်ငံတွင် စပါးစတင်ရိတ်သိမ်းချိန်ကာလ၌ ဗီယက်နမ်ကုန်သည်များမှ ကုန်အဝယ်အမှာစာများလျော့ချမှုကြောင့် စပါးဈေးနှုန်းများကျဆင်းပြီး စိုက်ပျိုးသူများအတွက် ငွေကြေးဆုံးရှုံးမှုများ ဖြစ်ရသည်ဟု ကမ္ဘောဒီးယားလယ်သမားများက အပြစ်တင်ပြောဆိုလျက်ရှိကြောင်း Cambodianess အင်တာနက်သတင်းစာမျက်နှာက ဖော်ပြသည်။

ကမ္ဘောဒီးယားဆန်စပါးအသင်းချုပ်၏ မူဝါဒရေးရာကောင်စီဥက္ကဋ္ဌ Hun Lak က ဗီယက်နမ်နိုင်ငံ၌ နှစ်သစ်ကူးပွဲတော်ကာလမတိုင်မီတွင် ကုန်သည်များသည် အလုပ်အားလပ်ရက်အနားယူလေ့ရှိသဖြင့် ပုံမှန်အားဖြင့် အမှာစာများကျဆင်းလေ့ရှိကြောင်း၊ ဗီယက်နမ်၏ စပါးဝယ်ယူမှုသည် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက လျော့နည်းလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် ဈေးကွက်အခြေအနေကိုအခြေပြုလျက်ဝယ်ယူသည့်ပမာဏကိုအတိုးအလျော့လုပ် ကိုင်နေခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ်ကုန်သည်များလက်ဝယ်၌ စပါးသိုလှောင်ထားရှိမှုပိုလျှံနေခြင်းကကမ္ဘောဒီးယားလယ်သမားများအတွက် ဈေးနှုန်း ကျဆင်းမှုကိုဖြစ်ပေါ်စေလျက်ရှိသည်။

Phka Rumduol နှင့် Sen Kro Ob SKO တို့ကဲ့သို့သော ကမ္ဘောဒီးယား၏မဟာဗျူဟာမြောက်စပါးမျိုးများ၏ဈေးနှုန်းများ မှာမူ တည်ငြိမ်လျက်ရှိသည်။

သို့သော် ဗီယက်နမ်သို့အဓိကတင်ပို့ရောင်းချသည့် OMနှင့် ER ကဲ့သို့သော နိုင်ငံခြားစပါးမျိုးများ၏ဈေးနှုန်းများမှာ ဗီယက် နမ်ကုန်သည်များ၏ ဈေးနှုန်းများကို အဆုံးအဖြတ်ပေးမှုအရ သိသာစွာကျဆင်းမှုဖြစ်ပေါ်နေခြင်းဖြစ်သည်။

ကမ္ဘောဒီးယားစိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ဆန်စပါးအသင်းချုပ်တို့ကတောင်သူများအနေဖြင့် ဆန်စက်များသို့ မြင့်မားသော ဈေးနှုန်းဖြင့်စပါးဝယ်ယူရောင်းချမှုသဘောတူစာချုပ်များချုပ်ဆိုနိုင်ရန်နှင့် အထောက်အပံ့များကိုရယူနိုင်ရန်အတွက်နိုင်ငံ၏ မဟာ ဗျူဟာ၌ ပါဝင်လျက်ရှိသော စပါးမျိုးများအား စိုက်ပျိုးကြရန်ထပ်တလဲလဲ တိုက်တွန်းပြောဆိုလျက်ရှိသည်။

ဗီယက်နမ်မှ OM စပါးမျိုးကိုရယူစိုက်ပျိုးလုပ်ကိုင်သည့် Svay Rieng ပြည်နယ်မှ တောင်သူတစ်ဦးဖြစ်သူ Lanh Tha ကမူ အစိုးရကတွန်းအားပေးလျက်ရှိသော စပါးမျိုးများအားစိုက်ပျိုးရန်မှာ၎င်းတို့အတွက် အခက်အခဲရှိကြောင်း၊ ထိုကဲ့သို့သော တန်ဖိုးကြီး စပါးမျိုးများအား စိုက်ပျိုးမှုမှာ ရိတ်သိမ်းရရှိရန် အချိန်ကြာမြင့်မှုရှိပြီး OM စပါးမျိုးကဲ့သို့ အထွက်နှုန်းမြင့်မားမှုမရှိကြောင်း၊ Phka Rumduol စပါးမျိုးအားတစ်နှစ်လျှင်တစ်ကြိမ်သာစိုက်ပျိုးနိုင်မှုရှိပြီး OM စပါးမျိုးမှာမူ တစ်နှစ်တာကာလအတွင်း နှစ်ကြိမ်မှသုံးကြိမ်အထိ စိုက်ပျိုးနိုင်ကြောင်း၊ ယခင်နှစ်၌ Phka Rumduol စပါး ၁ ကီလိုဂရမ်လျှင် ရီယယ်ငွေ ၁၀၂၀ မှ ၁၀၅၀ အတွင်းသာဈေးရရှိချိန်တွင် OM စပါး ၁ ကီလိုဂရမ်၏ ဈေးနှုန်းမှာ ၁၁၂၀ ရီယယ်ရရှိခဲ့ကြောင်း၊ သို့ဖြစ်ရာလယ်သမားများအနေဖြင့် OM စပါးမျိုးကိုပြောင်းလဲစိုက်ပျိုးခဲ့ကြခြင်းဖြစ်ကြောင်းဖြင့် ပြောဆိုခဲ့သည်။

Takeo ပြည်နယ်မှ အမည်မဖော်လိုသောအခြားလယ်သမားတစ်ဦးကလည်း OM နှင့် ER စပါးမျိုးများသည် အထွက်နှုန်းမြင့်မားမှုရှိပြီး ဗီယက်နမ်ဘက်မှ ဈေးကွက်ဝယ်လိုအားရှိမှုအရ ၎င်းတို့အနေဖြင့် စိုက်ပျိုးခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

အဆိုပါလယ်သမားများ၏ ပြောဆိုမှုအရ OM နှင့် ER စပါးနှစ်မျိုး၏ ဈေးနှုန်းများသည် ယခင်နှစ်၌ အတက်အကျသိသာစွာပြောင်းလဲခြင်း မရှိခဲ့ကြောင်း၊ လက်ရှိကာလတွင်မူ ၁ ကီလို ဂရမ်လျှင် ၇၀၀ ရီယယ် (သုည ဒသမ ၁၇၅ ဒေါ်လာ) မှ ၇၅၀ ရီယယ် (သုည ဒသမ ၁၈ ဒေါ်လာ) အကြား ဈေးနှုန်းဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

စပါးဈေးနှုန်းနိမ့်ကျမှုကြောင့် စိတ်အနှောင့်အယှက်ဖြစ်ပေါ်လျက်ရှိသည့်လယ်သမားများသည်ဈေးနှုန်းများထပ်မံ၍ ကျဆင်းမှုမရှိအောင် စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများက ကြားဝင်ဆောင်ရွက်ပေးရန် တောင်းဆိုလျက်ရှိကြသည်။

ကမ္ဘောဒီးယားစိုက်ပျိုးရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ Im Rachna က ဝန်ကြီးဌာနအနေဖြင့် ဈေးနှုန်းများကျဆင်းလျက်ရှိသည်ကို သိရှိနားလည်ပါကြောင်း၊သို့သော်တစ်နှစ်တာကာလအတွင်းအကြိမ်ကြိမ်စိုက်ပျိုးရိတ်သိမ်းရရှိနိုင်သည့်SKO စပါးမျိုးအား ရွေးချယ်စိုက်ပျိုးရန် တောင်သူများသို့ ဆက်လက်အကြံပြုလိုကြောင်း၊ အစိုးရက ထောက်ခံအကြံပြုထားသည့် စပါးမျိုးများအား နည်းစနစ်တကျစိုက်ပျိုးပါကထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်မည်ဖြစ်ပြီး မြင့်မားသောအထွက်နှုန်းနှင့်ဈေးနှုန်းများကိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင်နိုင်ငံ၏ဆန်စပါးမျိုးများအား နိုင်ငံတကာ၌အမည်ကောင်းရရှိမှု ဂုဏ်သတင်းကိုလည်းမြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကမ္ဘောဒီးယား၏ Sen Kro Ob 01 စပါးသည် ခြောက်သွေ့ရာသီ၌စိုက်ပျိုးနိုင်သော ဆန်မွှေးအမျိုးအစားဖြစ်ပြီး ဆန်လုံးသွယ်လျက် နူးညံ့၍ရနံ့မွှေးသော ပရီမီယံဆန်မွှေးနှင့်အလားသဏ္ဌာန်တူကြောင်း၊ ၂၀၂၃ ခုနှစ်နှောင်းပိုင်းတရုတ်နိုင်ငံ၌ ကျင်းပခဲ့သောပထမအကြိမ် တရုတ် – အာဆီယံအရည်အသွေးမြင့်အင်ဒီကာဆန်မျိုးများ၏အရသာအရည်အသွေးသုံးသပ်အကဲဖြတ်ပြိုင်ပွဲတွင်SKO 01 ဆန်သည်ရွှေတံဆိပ်ရရှိခဲ့ပြီးကမ္ဘောဒီးယားပြည်တွင်းနှင့်နိုင်ငံတကာဈေးကွက်နှစ်ရပ်လုံး၌ကျော်ကြားမှုရှိကြောင်း သိရသည်။

**Source:Canbodianess,10Jan2025**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

# STOCK EXCHANGE (13.1.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 13th Jan. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,392 (Shares) | 14,426,700 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 578 | 4,739,600 | 33,109,694 | 271,500 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,100 | 611 | 1,905,400 | 38,929,150 | 124,573 |
| MCB | 00003 | 8,500 | +200 | +2.41% | 8,500 | 8,500 | 8,500 | 40 | 340,000 | 10,400,986 | 88,408 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 1,653 | 3,140,700 | 29,664,613 | 56,363 |
| TMH | 00005 | 3,300 | +200 | +6.45% | 3,300 | 3,300 | 3,300 | 10 | 33,000 | 12,823,224 | 42,317 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 594 | 998,300 | 19,977,223 | 33,961 |
| AMATA | 00007 | 4,200 | -100 | -2.33% | 4,200 | 4,200 | 4,200 | 396 | 1,663,200 | 10,497,598 | 44,090 |
| MAEX | 00008 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,150 | 510 | 1,606,500 | 23,804,946 | 74,986 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 13th Jan. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 390.31 | +0.78 | +0.20% | 387.54 | 390.31 | 386.51 | 4,392 | 14,426,700 | 8 | 736,198 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 1:00 pm, 13th Jan. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,392 (Shares) | 14,426,700 (MMK) |

| MYANPIX | 390.31 ▲ 0.78 |
|---|---|
| Total Volume (shares) | 4,392 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 736,198 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 200 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,300 | ▲ 200 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,200 | ▼ 100 |
| MAEX | 00008 | 3,150 | ▲ 50 |